# မေးလေ့ရှိသော မေးခွန်းများ

Burmese | မြန်မာစာ

## Inklings စာရင်းသွင်းရာတွင် အကူအညီ လိုအပ်ပါသည်

လျှောက်လွှာပုံစံများ ဖြည့်စွက်ရာတွင် အကူအညီလိုအပ်ပါက သို့မဟုတ် ပိုမိုသိလိုပါက ၁၃၀၀ ၀၁၀ ၆၅၅သို့ ဆက်သွယ်ပါ။

ဘာသာစကားဆိုင်ရာ အကူအညီ ရလိုသူများအတွက် စကားပြန်ရှိပါသည်၊ ဖုန်းစကားပြန် သို့မဟုတ် လူစကားပြန် ရနိုင်ပါသည်။ လိုအပ်ပါက အကြောင်းကြားပါ၊ ကူညီနိုင်ပါသည်။

## သာမန်အကူအညီ လိုအပ်ပါသည်။ မည်သို့ အကူအညီ ရနိုင်မည်နည်း။

Inklings အစီအစဉ်၏ နောက်ထပ် ထုတ်ပြန်ချက်များအတွက်၊ သင်-

- ၁၃၀၀ ၀၁၀ ၆၅၅ သို့ ဖုန်းခေါ်နိုင်သည်
- ဝဘ်ဆိုဒ် inklings.org.au/sa သို့ ဝင်ရောက်ကြည့်ရှုနိုင်သည်။
- inklings@thekids.org.au သို့ အီးမေးလ်ပို့နိုင်သည်။

## Inklingsသည် မည်သည်နည်း။

Inklingsသည် ပတ်ဝန်းကျင်ဆက်ဆံရေးနှင့် ဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုတွင် အစောပိုင်းနောက်ကျနေသော အသက် ၆-၁၈လအရွယ် ကလေးငယ်များအတွက်အစီအစဉ် ဖြစ်ပါသည်။

ဤအစီအစဉ်သည် ပြုစုစောင့်ရှောက်သူနှင့် ကလေးဆက်ဆံပုံ ဗီဒီယိုအတိုများ အသုံးပြု၍ ကလေးများ ဆက်သွယ်ပုံနည်းလမ်းမျိုးစုံကို ပြုစုစောင့်ရှောက်သူ ပိုမိုနားလည်စေရန် ကူညီပေးပါသည်။ ဤအစီအစဉ်တွင် ကျွမ်းကျင်သူနှင့် နှစ်ပတ်ခြား ၁၀ကြိမ် တွေ့ဆုံပြီး သင်နှင့် သင့်ကလေးအတွက် သီးသန့် စီစဉ်ထားပါသည်။

သင်တန်းဆင်းကျွမ်းကျင်သူ၏ လမ်းညွှန်မှုဖြင့် ပြုစုစောင့်ရှောက်သူများသည် ၎င်းတို့ကလေးအတွက် သင့်တော်သော ဆက်သွယ်မှုပေးသူ အဖြစ် ကိုယ်ပိုင်အားသာချက်များ အသုံးပြုမည့် အစီအစဉ်များကို လေ့လာသင်ယူနိုင်ပါမည်။

## ဤအစီအစဉ်တွင်ပါဝင်ခြင်း၏အကျိုးကျေးဇူးက မည်သည်နည်း။

Inklings သည် ပြုစုစောင့်ရှောက်သူများအား ၎င်းတို့၏ကလေးအား ပိုမိုနားလည်စေရန် ပံ့ပိုးပေးသည်။ ဤအစီအစဉ်သည် ပြုစုစောင့်ရှောက်သူများကို ၎င်းတို့ကလေးငယ် ဆက်သွယ်ပုံကို နားလည်စေပြီး၊ ပြုစုစောင့်ရှောက်သူများအား ၎င်းတို့၏ရင်သွေးနှင့် ဆက်ဆံ ဆက်သွယ်ရာတွင် အကူအညီပေးပါသည်။

ဤအစီအစဉ်သည် ပြုစုစောင့်ရှောက်သူနှင့် ကလေး၏ သာယာကြည်နူးပြီး အဓိပ္ပာယ်ရှိရှိ ဆက်ဆံဆက်သွယ်ရေးများကို မြှင့်တင်ခြင်းဖြင့် ပတ်ဝန်းကျင်ဆက်ဆံရေးနှင့် ဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု မြင့်မားစေရန် ရည်ရွယ်ပါသည်။

## Inklings က မည်သူ့အတွက်နည်း။

ကလေးတစ်ဦးသည် အောက်ပါတို့ ဖြစ်နေပါက၊ Inklingsမှ အကျိုးကျေးဇူး ရရှိနိုင်သည် -

- ကလေးများသည် ပတ်ဝန်းကျင်ဆက်ဆံရေးနှင့် ဆက်သွယ်ရေး အစောပိုင်းဖွံ့ဖြိုးတိုးတက်မှုတွင် နှောင့်နှေးမှုများ သို့မဟုတ် တမူထူးခြားမှုများ ပြသနေသည်။
- ကလေးများသည် ၎င်းတို့၏အရွယ်အတွက် ရှိသင့်သည့် ပတ်ဝန်းကျင်ဆက်ဆံရေးနှင့် ဆက်သွယ်ရေးအမူအကျင့်များကို မပြသေးပါ။
- သို့မဟုတ် သင့်ကလေး၏ ပတ်ဝန်းကျင်ဆက်ဆံရေးနှင့် ဆက်သွယ်ရေးဖွံ့ဖြိုးမှုအတွက် သင်စိုးရိမ်နေသည်။

## Inklings တွင်ပါဝင်ခြင်းအတွက် အချိန်မည်မျှ ပေးရမည်နည်း။

Inklings အစီအစဉ်တွင် အကြိမ် ၁၀ ကြိမ် ပါရှိပါသည်။ တစ်ကြိမ်သည် ၁ နာရီကြာပြီး နှစ်ပတ်ခြားတစ်ကြိမ် ပြုလုပ်ပါမည်။ ဤအစီအစဉ် တစ်ခုလုံးသည် ၆လအတွင်း ပြီးစီးပါမည်။ တယ်လီကျန်းမာရေးမှတစ်ဆင့် လုပ်ဆောင်ပါက တစ်ကြိမ် ကြာမြင့်ချိန် အနည်းငယ်ကွဲပြားနိုင်သည်။



Version_2.0_07102024_FAQs

© The Kids Research Institute Australia 2024။ မူပိုင်ခွင့် ရှိပါသည်။

Inklings

POWERED BY iBASIS

# မေးလေ့ရှိသော မေးခွန်းများ

## Inklings ကို မည်သည့်နေရာတွင် လုပ်နိုင်မည်နည်း။

Inklings လုပ်ဆောင်နိုင်သောနေရာများမှာ-

- ဆေးခန်းတွင် — အက်ဒယ်လေးမြို့ တစ်မြို့လုံးနှင့် တောင်သြစတြေးလျရှိ နေရာများစွာတွင် ရရှိနိုင်ပါသည်။
- တယ်လီကျန်းမာရေးမှတစ်ဆင့် — Inklings ကျွမ်းကျင်သူနှင့် ဗီဒီယိုဖုန်းခေါ်ခြင်း
- လိုအပ်ပါက သင့်အိမ်တွင်

## ဤအစီအစဉ် မည်မျှကုန်ကျမည်နည်း။

တောင်သြစတြေးလျတွင် Inklings အစီအစဉ်အား သြစတြေးလျအစိုးရ လူမှုဝန်ဆောင်လုပ်ငန်းဌာနနှင့် တောင်သြစတြေးလျအစိုးရတို့မှ ထောက်ပံ့ထားပါသည်။

## မိမိကလေးသည် Inklings ရရှိနိုင်ပါသလား။

တောင်သြစတြေးလျရှိ Inklings အစီအစဉ် ရရှိနိုင်ရန် ကလေးများသည်-

- ဤအစီအစဉ်စတင်ချိန်တွင် အသက် ၆ - ၁၈ လကြား ဖြစ်ရမည်၊
- ဤအစီအစဉ်လုပ်နေစဉ်အတွင်း မိသားစုများသည် တောင်သြစတြေးလျတွင် နေထိုင်ရမည်

သင့်ကလေးသည် ထိုကနဦးရရှိနိုင်သောစံနှုန်းများနှင့် ကိုက်ညီပါက၊ နောက်တစ်ဆင့်မှာ ASQ:SE-2 မေးခွန်းများကို ဖြေရပါမည်။ ဤASQ:SE-2ကို ကလေး၏ ပတ်ဝန်းကျင်၊ စိတ်ခံစားမှု သို့မဟုတ် ဆက်သွယ်ရေးကျွမ်းကျင်မှုများတွင် ဖြစ်နိုင်သည့် တမူထူးခြားမှုများ သို့မဟုတ် နှောင့်နှေးမှုများကို ဖော်ထုတ်ရန် အသုံးပြုသည်။ တောင်သြစတြေးလျရှိ Inklingsအစီအစဉ် ရရှိနိုင်ရန်၊ သတ်မှတ်ထားသော ဘောင်အတွင်းမှ အမှတ်ကို ဤမေးခွန်းများမှ ရရန် လိုအပ်ပါသည်။

## ASQ:SE-2 ဆိုသည်မှာ အဘယ်နည်း၊ မည်သို့အလုပ်လုပ်သနည်း။

ASQ:SE-2 ခေါ် အရွယ်နှင့်အဆင့်မေးခွန်းများ၊ လူမှု-စိတ်ခံစားမှုဆိုင်ရာ ဒုတိယထုတ် (Ages & Stages Questionnaire, Social-Emotional Second Edition)သည် ကလေး၏ ပတ်ဝန်းကျင်၊ စိတ်ခံစားမှုသို့မဟုတ် ဆက်သွယ်မှုစွမ်းရည်များတွင် ဖြစ်နိုင်ချေရှိသော တမူထူးခြားမှုများ သို့မဟုတ် နှောင့်နှေးမှုများကို ရှာဖွေဖော်ထုတ်ရန် အသုံးပြုသည့် မေးခွန်းများ ဖြစ်ပါသည်။

ဤမေးခွန်းလွှာကို ကလေး၏ အဓိကပြုစုစောင့်ရှောက်သူမှ ဖြည့်စွက်ရပြီး၊ ကလေး၏ အပြုအမူနှင့် ပြုစုစောင့်ရှောက်သူ၏ ကလေးဖွံ့ဖြိုးမှုနှင့်ပတ်သက်သော သတိထားမိသည်များအကြောင်းများ ရရှိနိုင်ပါသည်။

## Inklings အတွက် မည်သို့ စာရင်းသွင်းမည်နည်း။

ဤ[Inklings ဝဘ်ဆိုဒ်]တွင် တောင်သြစတြေးလျရှိအစီအစဉ် ရယူအသုံးပြုနိုင်ရန်အတွက် သင့်ကလေး၏ ကနဦး ရနိုင်မရနိုင်ကို အကဲဖြတ်ရန် လျှောက်လွှာတစ်ခုကို ဖြည့်ရမည့်လင့်ခ် ရှိပါသည်။ Inklings အဖွဲ့သည် ထိုလျှောက်လွှာအား သုံးသပ်၍ သင့်လျော်ပါက နောက်အဆင့်ကို သင့်ထံ ပေးပို့ပါမည်။

## ဤအစီအစဉ်တွင် ကလေးနှင့်အတူ မည်သူပါဝင်ရန် လိုအပ်သနည်း။

Inklings အစီအစဉ်ကို အကြိမ်တစ်ခုစီတွင် အမြဲပါမည့်ပြုစုစောင့်ရှောက်ပေးသူအပေါ် မူတည်၍ စီမံထားပါသည်။ ဤဆိုလိုချက်မှာ ထိုသူ တစ်ဦးတည်းက ၆လကြာ အစီအစဉ်၏ အကြိမ်တိုင်းကို တက်ရောက်နိုင်ရန် လိုအပ်ပါသည်။ သို့သော်၊ ဒုတိယ ပြုစုစောင့်ရှောက်သူ (အမှန် ပြုစုပြီး တက်နိုင်ပါက)ကိုလည်း အကြိမ်တိုင်း တက်ရောက်ရန် တိုက်တွန်းပါသည်။

## အကြိမ်တိုင်းများကို လူကိုယ်တိုင်တက်ရောက်ခြင်းက ပိုကောင်းပါသလား။ ဤအစီအစဉ်ကို တယ်လီကျန်းမာရေးမှ လုပ်ဆောင်ခြင်းဖြင့် မိမိကလေးအတွက် ကောင်းကျိုးနည်းနိုင်ပါသလား။

မနည်းပါ၊ သင့်ကလေးအတွက် ကောင်းကျိုးမနည်းနိုင်ပါ။ ဤအစီအစဉ်ကို တယ်လီကျန်းမာရေးမှတစ်ဆင့် ပြုလုပ်နိုင်ကြောင်း သေချာစေရန် အစီအစဉ်တွင် ထည့်သွင်းစဉ်းစားထားပြီး ဖြစ်ပါသည်။ ဤအစီအစဉ်သည် ဗီဒီယိုအကြံပြုချက်ကို ထည့်သွင်းအသုံးပြုခြင်းဖြင့် (ဆိုလိုသည်မှာ၊ ကျွမ်းကျင်သူသည် သင်နှင့် သင့်ကလေး အပြန်အလှန် ဆက်ဆံဆက်သွယ်သည့် ဗီဒီယိုတိုများကို ကြည့်ရှုသုံးသပ်ပါသည်) တယ်လီကျန်းမာရေးမှတစ်ဆင့် ပြုလုပ်ရန် သင့်လျော်ပါသည်။

## Inklings အစီအစဉ်ပြီးချိန်တွင် မည်သို့ဖြစ်မည်နည်း။

Inklings ကျွမ်းကျင်သူနှင့်အတူ၊ ပြုစုစောင့်ရှောက်ပေးသူများနှင့် ဆရာဝန်တို့သည် သင့်ကလေးအတွက် နောက်အဆင့်ကို ဆုံးဖြတ်ပေးပါမည်။ ထိုဆုံးဖြတ်ချက်ကို ဤအစီအစဉ်အပြီးတွင် ပြုစုစောင့်ရှောက်သူများအား ပေးမည့် 'အကျဉ်းချုပ်နှင့် နောက်အဆင့်များ' တွင် ထည့်သွင်းပေးပါမည်။



Version_2.0_07102024_FAQs

© The Kids Research Institute Australia 2024။ မူပိုင်ခွင့် ရှိပါသည်။